# လူဝင်မှုကြီးကြပ်ရေးလုပ်ထုံးလုပ်နည်းများ


တရားဥပဒေရေးရာဝန်ကြီးဌာနလူဝင်မှုကြီးကြပ်ရေးဌာန http://www.immi-moj.go.jp/

## သင့်အတွက် နေထိုင်ခွင့် ခွင့်ပြုချက် မှာ ဘာဖြစ်သနည်း။

နိုင်ငံခြားသားက ဂျပန်နိုင်ငံတွင် ဆောင်ရွက်မည့် လုပ်ရှားမှု၊ ၎င်း၏အဆင့်အတန်း နှင့် ရာထူး ပေါ်မူတည်၍ နေထိုင်ခွင့်အမျိုးအစားကို သတ်မှတ်ထားပါသည်။ ဂျပန်နိုင်ငံရှိ တက္ကသိုလ်၊ ကောလိပ်၊ နည်းပညာကောလိပ်၊ အသက်မွေးပညာသင်ကျောင်း၊ ဂျပန်စာသင်တန်းကျောင်း စသည်တွင် ပညာသင်ကြားရန်အတွက် လိုအပ်သည့် နေထိုင်ခွင့်အမျိုးအစားသည် "ပညာတော်သင်" ဖြစ်ပါသည်။ နေထိုင်ခွင့်ကာလသည် ၄ နှစ် ၃ လ၊ ၄ နှစ်၊ ၃ နှစ် ၃ လ၊ ၂ နှစ် ၃ လ၊ ၂ နှစ်၊ ၁ နှစ် ၃လ၊ ၁ နှစ်၊ ၆ လ၊ ၃ လ ဖြစ်သည်။

(!) နိုင်ငံခြားသားများအတွက် စီစဉ်ထားသည့် ပညာသင်ဆုနှင့် အဆောင်သည် များသောအားဖြင့် "ပညာတော်သင်" နေထိုင်ခွင့် အမျိုးအစား ဖြစ်သူများ အတွက်သာ အကျိုးခံစားခွင့် ပေးထားပါသည်။

နေထိုင်ခွင့် ခွင့်ပြုချက် အရည်အချင်းပြည့်မီလက်မှတ် ထုတ်ပေးမှုအပေါ် အခြေခံသော ပြည်ဝင်ခွင့်လုပ်ထုံးလုပ်နည်းအဆင့်ဆင့်



## ● ပြည်ဝင်ခွင့် (ဗီဇာ) လျှောက်ရန်

ဂျပန်နိုင်ငံသို့ ဝင်ရောက်လာရန် ကြိုတင်ပြည်ဝင်ခွင့်ကို ရရှိထားရန် လိုအပ်သည်။ ပြည်ဝင်ခွင့်ရရန် " နေထိုင်ခွင့် အမျိုးအစား သတ်မှတ်ခြင်းဆိုင်ရာ ထောက်ခံစာ (COE)" ကို ပူးတွဲ၍ လျှောက်မည့်နည်းလမ်း နှင့် ပူတွဲခြင်း မရှိဘဲ လျှောက်မည့်နည်းလမ်း နှစ်မျိုး ရှိသည်။ " နေထိုင်ခွင့် အမျိုးအစား သတ်မှတ်ခြင်းဆိုင်ရာ ထောက်ခံစာ (COE)" ကို ပူးတွဲ၍ လျှောက်မည့်နည်းလမ်းသည် ပြည်ဝင်ခွင့်လျှောက်သည့်အခါ ပိုမိုမြန်ဆန်စွာ လျှောက်ထားနိုင်သည်။

## ● နေထိုင်ခွင့်ခွင့်ပြုချက် အရည်အချင်းပြည့်မီလက်မှတ် လျှောက်ထားခြင်း

" နေထိုင်ခွင့် အမျိုးအစား သတ်မှတ်ခြင်းဆိုင်ရာ ထောက်ခံစာ (COE)" ကို ဂျပန်နိုင်ငံတွင် ပညာသင်ကြားလိုသူ (လျှောက်ထားသူ) သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ် (ကာယကံရှင်၏ ဆွေမျိုးသားချင်း သို့မဟုတ် ပညာရေးအဖွဲ့အစည်း၏ ဝန်ထမ်း) က ဒေသန္တရ လူဝင်မှုကြီးကြပ်ရေးရုံးသို့ လျှောက်ထားရမည်။ လျှောက်ထားသူ ကိုယ်တိုင် လျှောက်နိုင်သော်လည်း များသောအားဖြင့် တက်ရောက်မည့် ပညာရေးအဖွဲ့အစည်းက ကိုယ်စား လျှောက်ပေးသည်။ လိုအပ်သည့် စာရွက်စာတမ်းများကို တက်ရောက်မည့် ကျောင်းတွင် စုံစမ်းပါ။

## ● ဂျပန်နိုင်ငံတွင် နေထိုင်ရန်အတွက် လိုအပ်သည့်ကုန်ကျစရိတ်များ ကျခံနိုင်ကြောင်း ထောက်ခံသည့် စာရွက်စာတမ်း

နေထိုင်ခွင့် အမျိုးအစား သတ်မှတ်ခြင်းဆိုင်ရာ ထောက်ခံစာနှင့် ပြည်ဝင်ခွင့် လျှောက်သည့်အခါ ဂျပန်နိုင်ငံတွင် ပညာသင်ကြားမည့်ကာလတွင် ကုန်ကျမည့် ကုန်ကျစရိတ်များအတွက် လုံလောက်သည့်ငွေကြေးကို ပြင်ဆင်ထားကြောင်း သက်သေပြနိုင်သည့် အထောက်အထားကို တင်ပြကောင်း တင်ပြရလိမ့်မည်။ ယေဘုယျအားဖြင့် ဘဏ် လက်ကျန် ရှင်းတမ်း၊ ဝင်ငွေ အထောက်အထား နှစ် အနည်းငယ်စာ၊ အခွန်ကောက်ခံစာ စသည်များ လိုအပ်သည်။ ဂျပန်နိုင်ငံတွင် ပညာသင်ကြားလိုသူကိုယ်တိုင် ကုန်ကျစရိတ်ကျခံနိုင်ခြင်း မရှိပါက ပုံမှန်အားဖြင့် အုပ်ထိန်းသူသည် ကုန်ကျစရိတ် ကျခံသူ ဖြစ်ရမည်။

## ● ပြည်ဝင်ခွင့် (ဗီဇာ) လျှောက်ထားရန် လိုအပ်သော စာရွက်စာတမ်းများ

"နေထိုင်ခွင့် ခွင့်ပြုချက် အရည်အချင်း ပြည့်မီလက်မှတ်" ထုတ်ပေးလာပါက၊ မိမိနိုင်ငံရှိ ဂျပန် သံရုံး စသည်တွင် လျှောက်ထားရမည်။

[လိုအပ်သောစာရွက်စာတမ်း]
① နိုင်ငံကူးလက်မှတ်စာအုပ်
② ဗီဇာလျှောက်လွှာ
③ ဓာတ်ပုံ
④ နေထိုင်ခွင့်ခွင့်ပြုချက် အရည်အချင်းပြည့်မီလက်မှတ်
⑤ (အထက်ပါများအပြင် ထပ်ဆောင်းတင်ပြရန် တောင်းဆိုခြင်းခံရနိုင်သည်။)

## ● ဂျပန်နိုင်ငံသို့ လာရောက်သည့်အခါ

ဂျပန်နိုင်ငံသို့ ဝင်ရောက်သည့်အခါ အောက်ပါ စာရွက်စာတမ်းများ လိုအပ်သည်။

[လိုအပ်သောစာရွက်စာတမ်း]
① နိုင်ငံကူးလက်မှတ်စာအုပ် (ပတ်စ်ပို့)
② ပြည်ပအခြေစိုက်ဂျပန်နိုင်ငံသံတမန်ရေးရာရုံးမှ ပြည်ဝင်ခွင့်(ဗီဇာ)
③ ဂျပန်နိုင်ငံတွင်နေထိုင်ခွင့်ခွင့်ပြုချက်အရည်အချင်းပြည့်မီလက်မှတ် (ထုတ်ပေးပြီးဖြစ်ပါက)

## ● နေထိုင်ခွင့်ကဒ်


Residence Card

နေထိုင်သည့်ကာလ 3 လထက် ကျော်လွန်သော နိုင်ငံခြားသားများအတွက် " နေထိုင်ခွင့်ကဒ် (RESIDENCE CARD)" ကို ထုတ်ပေးသည်။ နေထိုင်ခွင့်ကဒ်ကို အမြဲတမ်း ကိုယ်နှင့်တစ်ပါတည်း သယ်ဆောင်ထားရန် လိုအပ်သည်။

### [ နေထိုင်ခွင့်ကဒ်ထုတ်ပေးခြင်း ]

ရှင်ချိတိုဆဲ၊ နာရီတာ၊ ဟာနေဒါ၊ ချူးဘု၊ ခန်းဆိုက်၊ ဟီရိုရှီးမား၊ ဖူကူအိုကာလေဆိပ်မှ ဂျပန်နိုင်ငံသို့ဝင်လျှင် ပြည်ဝင်ခွင့်စီစစ်သည့်အခါ နိုင်ငံကူးလက်မှတ်ပေါ် "ပြည်ဝင်ခွင့်ပြု" ဟု စာရွက်ကပ်ပေးပြီး နေထိုင်ခွင့်ကဒ်ကို ထုတ်ပေးသည်။
ဂျပန်နိုင်ငံတွင် နေထိုင်မည့်လိပ်စာကို သိရှိပါက ၁၄ ရက်အတွင်း နေထိုင်ခွင့်ကဒ်ကို ယူဆောင်သွားပြီး လိပ်စာကို သက်ဆိုင်ရာမြို့၊ မြို့နယ်၊ ရပ်ကွက်၊ ရွာ ၏ မြူနီစီပယ်ရုံးများသို့ အကြောင်းကြားရန် လိုအပ်သည်။
အထက်ပါ လေဆိပ်များမဟုတ်သော နေရာများမှ ဝင်ရောက်သောအခါ ပြည်ဝင်ခွင့်စီစစ်သည့်အခါ နိုင်ငံကူးလက်မှတ်ပေါ် ပြည်ဝင်ခွင့်ပြုဟု စာရွက်ကပ်ပေးပြီး "နေထိုင်ခွင့်ကဒ်ကို နောင်အခါထုတ်ပေးမည်" ဟူသော တံဆိပ်တုံး ထုပေးခြင်း ခံရမည် ဖြစ်သည်။
ဂျပန်နိုင်ငံတွင် နေထိုင်မည့် လိပ်စာကို သိရှိပါက ၁၄ ရက်အတွင်း နေထိုင်ခွင့်ကဒ်ကို နောင်အခါထုတ်ပေးမည်" ဟု တံဆိပ်တုံး ထုထားသော နိုင်ငံကူးလက်မှတ်ကို ယူဆောင်သွားပြီး လိပ်စာကို သက်ဆိုင်ရာ မြို့၊ မြို့နယ်၊ ရပ်ကွက်၊ ရွာ ၏ မြူနီစီပယ်ရုံးများသို့ အကြောင်းကြားရန် လိုအပ်သည်။ နေထိုင်ခွင့်ကဒ်ကို အကြောင်းကြားထားသော လိပ်စာသို့ ပို့ပေးမည် ဖြစ်သည်။

## Social Security and Tax Number

နေထိုင်မည့်မြို့နယ်၏မြူနီစီပယ်ရုံးတွင် နေထိုင်သူအဖြစ် မှတ်ပုံတင်လျှင် နိုင်ငံခြားသားကိုလည်း Social Security and Tax Number (ကိုယ်ပိုင်နံပါတ်) ကို အကြောင်းကြားသည့်ကဒ် ပေးပို့လာလိမ့်မည်။ လူတစ်ယောက်ချင်းစီ ပေးထားသည့် Social Security and Tax Number သည် အစိုးရမြူနီစီပယ်ရုံးတွင် လျှောက်ထားမှု တစ်ခုခု ပြုလုပ်သည့်အခါ တင်ပြရန် လိုအပ်သည်။ ဂဏန်း ၁၂ လုံးရှိသော်လည်း နေထိုင်ခွင့်ကဒ်တွင်ပါသည့် နံပါတ် ဂဏန်း ၁၂ လုံး နှင့် မတူညီပါ။ Social Security and Tax Number အား အောက်ပါ အခြေအနေမျိုးတွင် တင်ပြရမည် ဖြစ်သောကြောင့် ကိုယ်ပိုင် နံပါတ်ပါသည့် "ကိုယ်ပိုင်နံပါတ်အကြောင်းကြားစာ" နှင့် "ကိုယ်ပိုင်နံပါတ်ကဒ်" ကို သေချာ ထိန်းသိမ်းထားရမည်။

- အစိုးရ၊ မြူနီစီပယ်ရုံးတွင် လျှောက်ထားမှု တစ်ခုခု ပြုလုပ်သည့်အခါ
- အချိန်ပိုင်းအလုပ်လုပ်သည့်အခါ




Notification Card

## စာမေးပွဲဖြေဆိုရန်အတွက် ဂျပန်နိုင်ငံဝင်ခွင့်လုပ်ထုံးလုပ်နည်း

စာမေးပွဲဖြေဆိုရန်အတွက် ဂျပန်နိုင်ငံသို့ လာရောက်သည့်အခါ မလာမီရက်အနည်းငယ် ကြိုတင်၍ စာမေးပွဲ ဖြေဆိုမည့်ကျောင်းမှ ထုတ်ပေးထားသည့် စာမေးပွဲဖြေဆိုခွင့် လက်မှတ်ကို ကိုင်ဆောင်ပြီး ဂျပန်သံရုံးတွင် "ရေတိုနေထိုင်ခွင့်" ဗီဇာကို ရယူရန် လိုအပ်သည်။ နေထိုင်ခွင့်ကာလသည် ၁၅ရက်၊ ၃၀ရက်၊ ၉၀ရက် ဖြစ်သည်။ သို့သော်လည်း ဗီဇာကင်းလွတ်ခွင့်ရှိသော နိုင်ငံများ၏ နိုင်ငံသားဖြစ်ပါက ဗီဇာလျှောက်ထားရန် မလိုပါ။

## နေထိုင်ခွင့်ခွင့်ပြုချက်ပြင်ပရှိ လုပ်ဆောင်ချက်များအတွက် ခွင့်ပြုချက်

နေထိုင်ခွင့် ခွင့်ပြုချက် " ကျောင်းသား (College Student)" သည် ဂျပန်နိုင်ငံရှိ ကျောင်းများတွင် ပညာသင်ကြားရန်အတွက် ခွင့်ပြုပေးခြင်းဖြစ်ပြီး၊ အလုပ်လုပ်ခွင့် မပြုပါ။ သို့သော်လည်း ဒေသန္တရ လူဝင်မှုကြီးကြပ်ရေးရုံးသို့လျှောက်၍ "နေထိုင်ခွင့် ခွင့်ပြုချက် ပြင်ပရှိ လုပ်ဆောင်ချက်များအတွက် ခွင့်ပြုချက်" ရရှိပါက အချိန်ပိုင်းအလုပ် လုပ်နိုင်သည်။ ထို့အပြင်ဘွဲ့လွန်တက္ကသိုလ်၊ တက္ကသိုလ်၊ ကောလိပ်၊ နည်းပညာကောလိပ်၊ အသက်မွေးဝမ်းကျောင်းအောင်ပြီး နေထိုင်ခွင့်အမျိုးအစား "သီးခြား သတ်မှတ်ထားသည့် လှုပ်ရှားမှု" ဖြင့် အလုပ်အကိုင် ရှာဖွေနေသူလည်း "နေထိုင်ခွင့် ခွင့်ပြုချက်ပြင်ပရှိ လုပ်ဆောင်ချက်များအတွက် ခွင့်ပြုချက်" ရရှိပါက အချိန်ပိုင်းအလုပ် လုပ်နိုင်သည်။

## ခေတ္တပြည်ပြန်ခွင့်လုပ်ထုံးလုပ်နည်း

ဂျပန်နိုင်ငံတွင်ရှိသော နိုင်ငံခြားသားသည် နေထိုင်ခွင့်ကာလအတွင်း ခေတ္တပြည်ပြန်ခြင်း၊ အခြားနိုင်ငံများသို့ သွားရောက်ခြင်း ပြုလိုသောအခါ၊ ဂျပန်နိုင်ငံမှ ထွက်ခွာမှု မတိုင်မီတွင် ဒေသန္တရ လူဝင်မှုကြီးကြပ်ရေးဌာန စသည်၌ ဂျပန်နိုင်ငံပြန်ဝင်ခွင့်ကို ရယူထားခြင်း မရှိလျှင်၊ ပြည်ပရှိ ဂျပန်နိုင်ငံ သံတမန်ရေးရာရုံးတွင် အသစ်တစ်ဖန် ပြည်ဝင်ခွင့်ဗီဇာကို လျှောက်ထားရန် လိုအပ်မည် ဖြစ်သောကြောင့် သတိပြုကြပါ။ သို့သော် သက်တမ်းမကုန်သေးသော နိုင်ငံကူးလက်မှတ်စာအုပ် (ပက်စ်ပို့) နှင့် နေထိုင်ခွင့်ကဒ်ကို ကိုင်ဆောင်ထားသော ကာလလတ်နှင့် ကာလရှည် နေထိုင်သူများအတွက် ဂျပန်နိုင်ငံမှ ထွက်ခွာချိန်တွင် ဂျပန်နိုင်ငံသို့ ပြန်လည်ဝင်ရောက်ရန် ရည်ရွယ်ကြောင်း ဖော်ပြပြီး၊ ဂျပန်နိုင်ငံမှ ထွက်ခွာချိန်မှ ၁ နှစ် အတွင်း (၁ နှစ် ထက်နည်းသော နေထိုင်ခွင့်ကာလရှိသူမှာ အဆိုပါ နေထိုင်ခွင့်ကာလအတွင်း) ဂျပန်နိုင်ငံသို့ ပြန်လည်ဝင်ရောက်ပါက မူအားဖြင့် ဂျပန်နိုင်ငံမှ ထွက်ခွာမှု မပြုမီတွင် ဂျပန်နိုင်ငံသို့ ပြန်လည်ဝင်ရောက်ခွင့်ကို ရယူရန် မလိုအပ်ပါ။

> ! ဂျပန်နိုင်ငံမှ ထွက်ခွာချိန်တွင် နေထိုင်ခွင့်ကဒ်ကို သေချာစွာ တင်ပြကာ၊ ဂျပန်နိုင်ငံပြန်ဝင်ထွက်ခွင့်အတွက် သုံးသော ED ကဒ် ပေါ်တွင် ဂျပန်နိုင်ငံပြန်ဝင်ခွင့်အထူး ခွင့်ပြုချက်စနစ် ဖြင့် ဂျပန်နိုင်ငံမှ ထွက်ခွာခြင်းဖြစ်ကြောင်း သင့်ရည်ရွယ်ချက်ကို ဖော်ပြသည့် ကော်လံတွင် အမှန် အမှတ်အသား ခြစ်ပါ။




ပြန်လည်ပြည်ဝင်ခွင့်ပြုရန်ကဒ်







## ● နေထိုင်ခွင့်ကာလ သက်တမ်းတိုးခြင်း

ဂျပန်နိုင်ငံသို့ ဝင်ရောက်ချိန်တွင် သတ်မှတ်ခြင်းခံရသော နေထိုင်ခွင့်ကာလ ကုန်ဆုံးသည့်နေ့ထက် ကျော်လွန်ပြီး ဆက်လက်နေထိုင်ရန် ရည်ရွယ်ပါက၊ ဒေသန္တရ လူဝင်မှု ကြီးကြပ်ရေးဌာန စသည်တွင် နေထိုင်ခွင့်ကာလကို သက်တမ်းတိုးရန်အတွက် လျှောက်ထားရမည် ဖြစ်သည်။ (ပုံမှန်အားဖြင့် နေထိုင်ခွင့်ကာလကုန်ဆုံးမည့်အချိန်ထက် 3 လ ခန့်စောပြီး လျှောက်လွှာ လက်ခံပေးသည်) နေထိုင်ခွင့်ကာလ ကုန်ဆုံးသည့်ရက်ထက် ကျော်လွန်ပြီး တရားမဝင်နေထိုင်ပါက အပြစ်ဒဏ်ပေးခြင်း၊ ပြည်နှင်ဒဏ်ပေးခြင်းများ ခံရမည်။

## ● နေထိုင်ခွင့်ခွင့်ပြုချက် ပြောင်းခြင်း

လက်ရှိပြုလုပ်နေသော လုပ်ဆောင်ချက်ကို ရပ်ဆိုင်းပြီး၊ အခြားသော နေထိုင်ခွင့် ခွင့်ပြုချက်နှင့် သက်ဆိုင်သော လုပ်ဆောင်ချက်ကို ပြုလုပ်မည် ဆိုပါက၊ ဒေသန္တရ လူဝင်မှု ကြီးကြပ်ရေးဌာန စသည်တွင် နေထိုင်ခွင့် ခွင့်ပြုချက်ကို ပြောင်းခွင့်ပေးရန် လျှောက်ထားရမည် ဖြစ်သည်။

> ! လျှောက်ထားသူမှ ပြုလုပ်မည့် လုပ်ဆောင်ချက် နှင့် နောက်ကြောင်းရာဇဝင်အား လိမ်လည်ခြင်း၊ စာရွက်စာတမ်း အတုများကို တင်သွင်းခြင်းများ ပြုလုပ်ပါက၊ နေထိုင်ခွင့် ခွင့်ပြုချက်ကို ရုတ်သိမ်းခြင်း ခံရမည် ဖြစ်သည်။

## ● နေထိုင်ခွင့်ခွင့်ပြုချက် ရုတ်သိမ်းခြင်း

လျှောက်ထားသူမှ ပြုလုပ်မည့် လုပ်ဆောင်ချက် နှင့် နောက်ကြောင်းရာဇဝင်အား လိမ်လည်ခြင်း၊ စာရွက်စာတမ်းအတုများကို တင်သွင်းခြင်းများ ပြုလုပ်ပါက၊ နေထိုင်ခွင့် ခွင့်ပြုချက်ကို ရုတ်သိမ်းခြင်း ခံရမည် ဖြစ်သည်။

> ! "ပညာတော်သင်" နေထိုင်ခွင့်ဖြင့် ကျောင်းတက်ခြင်းမရှိဘဲ အလုပ်လုပ်ကိုင်နေသကဲ့သို့ လက်ရှိကိုင်ဆောင်ထားသည့်နေထိုင်ခွင့်နှင့် သက်ဆိုင်သောလှုပ်ရှားမှုကို ၃ လ ထက်ကျော်လွန်ပြီး လုပ်ဆောင်ခြင်းမရှိပါက ခိုင်လုံသောအကြောင်းပြချက်မရှိလျှင် နေထိုင်ခွင့်အား ရုပ်သိမ်းခြင်း ခံရနိုင်ပါသည်။

## ● မိသားစုကို ဂျပန်နိုင်ငံသို့ ခေါ်ယူခြင်း

"ကျောင်းသား (College Student)" ဟူသော နေထိုင်ခွင့် ခွင့်ပြုချက်ကို ကိုင်ဆောင်ထားပြီး တက္ကသိုလ်၊ ဥပစာကောလိပ်၊ နည်းပညာ(ဥပစာ)ကောလိပ်၊ သက်မွေးပညာသင်(ဥပစာ)ကောလိပ်၊ ပညာရေးကြိုတင်ပြင်ဆင်မှုသင်တန်း အစရှိသည်တွင် ပညာသင်ကြားနေသူများ၏ ထောက်ပံ့မှုကို လက်ခံနေသော အိမ်ထောင်ဘက်နှင့် သားသမီးများသည် မှီခို (Dependent)" နေထိုင်ခွင့် ခွင့်ပြုချက်ဖြင့် ဂျပန်နိုင်ငံတွင် နေထိုင်နိုင်သည်။ နေထိုင်ခွင့်ကာလမှာ ထောက်ပံ့သူ၏ နေထိုင်ခွင့်ကာလ အတိုင်း ဖြစ်သည်။ နိုင်ငံတကာကျောင်းသား ကိုယ်တိုင်က ဂျပန်နိုင်ငံရှိ နေထိုင်မှုဘဝတွင် အသားကျပြီး၊ ငွေရေးကြေးရေး အခြေအနေ အပါအဝင် အသင့် အနေအထား ဖြစ်နေပြီးမှသာ မိသားစုကို ဂျပန်နိုင်ငံသို့ ခေါ်ယူရန် တိုက်တွန်းသည်။

> ! မှီခိုမိသားစုဝင်မှ "ခေတ္တနေထိုင်ခွင့် (Temporary Visitor)" ဗီဇာ (ပုံမှန်အားဖြင့် "ခရီးသွားဗီဇာ" ဟုခေါ်တွင်သည်) ဖြင့် ဂျပန်နိုင်ငံသို့လာရောက်ပါက၊ ဂျပန်နိုင်ငံအတွင်း၌ "မှီခို (Dependent)" နေထိုင်ခွင့် ခွင့်ပြုချက်ကို ပြောင်းရန်ခက်ခဲကြောင်း ကောင်းစွာ သတိပြုပါ။

## ● "လူဝင်မှုကြီးကြပ်ရေးရုံး၊ မြူနီစပယ်ရုံးသို့ အကြောင်းကြားခြင်း"

နာမည်၊ မွေးသက္ကရာဇ်၊ ကျား၊ မ၊ နိုင်ငံသားတွင် အပြောင်းအလဲရှိသည့်အခါ နှင့် အခြားကျောင်းသို့ ကျောင်းပြောင်းခြင်းစသည့် မိမိနှင့်သက်ဆိုင်သော အဖွဲ့အစည်းသည် အပြောင်းအလဲရှိသည့်အခါ ပြောင်းလဲသည့်နေ့မှ ၁၄ ရက် အတွင်း သက်ဆိုင်ရာဒေသန္တရ လူဝင်မှုကြီးကြပ်ရေးရုံးသို့ အကြောင်းကြားရမည်။ ထို့အပြင် လိပ်စာ အပြောင်းအလဲ ရှိသည့်အခါ သက်ဆိုင်ရာ မြူနီစီပယ်ရုံးသို့ အကြောင်းကြားရမည်။



